# မန်းမင်းသတင်းလွှာ

အမှတ်စဉ် (၁) မတ်လ (၂၃) ရက်၊ ၂၀၁၃ခုနှစ်

## (၃၁) ကြိမ်မြောက် အသင်းတော်၏နှစ်ပတ်လည်ဖွင့်ပွဲတွင် မန်းမင်းဗဟိုအသင်းတော်၌

### သခင်ဘုရားအတွက် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးဖြင့်သက်သေခံခြင်း




















(၁) ဖွင့်ပွဲ၊ ၁၉၈၂ခု၊ ဇူလိုင်လ (၂၅) ရက်
(၂) ဒေါက်တာဂျေရောက်လီ၏မေလတွင်ကျင်းပမြဲဖြစ်သော
(၁၂) ကြိမ်မြောက်နှစ်ပတ်တာ နိုးထမှုအ စည်းအဝေး
(၃) ဂျီစီအင်န်တီဗွီရုပ်သံလွှင့်အစီအစဉ်ဌာနချုပ်အတွက်နယူးယောက်မြို့တော်တွင်လုပ်ဆောင်သော အ ဆောက်အဦး
(၄) ဘုရားသခင်၏တန်ခိုးတော်ဖြင့် ငန်သောရေမှ ချိုသောရေထွက်သည့်မူအန်ရေတွင်း
(၅) ပြည်တွင်း ပြည်ပတွင် ကျင်းပသောတရားပွဲများ၌ အနာငြိမ်းခြင်းများ
(၆) ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တွေ့ရသောသဘာဝလွန်တန်ခိုးများ
(၇)၂၀၀၉ခုနှစ်တွင် ယေရုဆလင်မြို့၌ ကျင်းပခဲ့သော ဣသရေလစုပေါင်းတရားပွဲ
(၈) ၂၀၀၂ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ကျင်းပခဲ့သောစုပေါင်းတရားပွဲ၌တက်ရောက်သူဦးရေ (၃) သန်းရှိခဲ့ သည်။
(၉) ခါနန်ပြည်၏သန့်ရှင်းရာဌာန၏ စီမံချက်ရေးဆွဲထားသည့်ပုံများ

၁၉၈၂ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင်ကိုက် (၄၀) စတုရန်းပတ်လည် ရှိသောမြေကွက်ပေါ်၌အဆောက်အဦး ဆောက် လုပ်ကာ ကလေးဦးရေအနည်းငယ်အပါအဝင် လူ (၁၃) ဦးဖြင့် အသင်းတော်ဖွင့်ပွဲကို စတင်ကျင်းပခဲ့သည်။ (ပုံ-၁) ယခုအခါ ထိုအသင်းတော်သည် ကမ္ဘာနှင့်အဝှမ်းပျံ့နှံ့လျှက် လက်စွဲအသင်းတော်အပါး ၁၀, ၀၀၀ အထိတိုးပွားခဲ့ပါပြီ။ ဤအမှုတော်မြတ်သည်အသက်တာကို ပြောင်းလဲစေသောသတင်းစကားတည်းဟူသော ဒေါက်တာဂျေရောက်လီ၏တန်ခိုးပါသောစေ့ဆော်မှုမှစတင်ဖြစ်ပေါ်လာပြီး သူသည် အစာရှောင်ခြင်း၊ ဆု တောင်းခြင်းကို အကြိမ်ပေါင်းမရေမတွက်နိုင်အောင်လုပ်ဆောင်ခဲ့သည့်နောက်သမ္မာကျမ်းစာသည် ယုံကြည်အားထားလောက်သည့်စာအုပ်ဖြစ်ကြောင်းဘုရားသခင်၏တန်ခိုးတော်များဖြစ်သည့်နိမိတ်လက္ခဏာများဖြင့် သက်သေထူနိုင်ခဲ့သည်။

အသင်းတော်စတင်ထူထောင်ခဲ့စဉ်ကကနဦးအသင်းတော်ကဲ့သို့ဒေါက်တာလီ၏ဆုတောင်းခြင်းဖြင့်သည်းထန်စွာ ရွာသွန်းနေသောမိုးများရပ်တန့်ခြင်း၊ လေမုန်တိုင်းများလမ်းကြောင်းပြောင်းသွားခြင်း၊ သေသူပြန်ရှင်လာ ခြင်း၊ မျက်စိကန်းသောသူများပြန်မြင်လာခြင်းစသည့်အမှုများဖြစ်ပေါ်ခဲ့ပါသည်။ မန်းမင်းအသင်းတော်သည် ၁၉၉၃ ခုနှစ်အမေရိကနိုင်ငံထုတ်ကမ္ဘာ့ခရစ်ယာန်မဂ္ဂဇင်းမှ ကမ္ဘာ့ထိပ်တန်း စာရင်းဝင်အသင်းတော်အပါး (၅၀) ရွေးချယ်ရာတွင် တစ်ပါးအပါအဝင်ဖြစ်ခဲ့သည်။ ၂၀၀၄ ခုနှစ်အထိ ဒေါက်တာလီက မေလရောက်တိုင်း နိုးထမှုအစည်းအဝေးကို နှစ်ပတ်တာကျင်းပခဲ့သည်။ ဘုရားသခင်သည် အနာငြိမ်းခြင်းနိ မိတ်လက္ခဏာများကိုပြသလျက် အသက်တာပြောင်းလဲလာသူများစွာ ထွက်ပေါ်လာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မတ်လအတွင်းအံ့ဩဖွယ်ရာအမှုများဖြစ်ပေါ်ခဲ့သည်။ ဂွန်နမ်စီရင်စုနယ်မွန်ဂုံမြို့ရှိ မန်းမင်း ဘုရားကျောင်းဝင်းမှ ငန်သောရေတွင်းတစ်တွင်းသည် ဒေါက်တာလီ၏ဆုတောင်းချက်ကြောင့် ရေချိုထွက်ခဲ့ သည်။ ထိုရေသည် သောက်သုံး၍ရသောရေဖြစ်သည့်နောက် လူတို့သည် မိမိနေအိမ်၊ အလုပ်ရုံ စက်ရုံများ သို့ခပ်၍ သယ်ဆောင်ကာ အသုံးပြုရာတွင် အနာရောဂါငြိမ်းခြင်းများ တွေ့ခဲ့ရသည်။ ပါကစ္စတန်၊ ကင်ညာ၊ အိန္ဒိယ၊ ရုရှား၊ အမေရိက၊ အစ္စရေးစသည့် တိုင်းနိုင်ငံများတွင် နိုးထမှုအစည်းအဝေး ကျင်းပခဲ့ရာသန့်ရှင်းသောဝိညာဉ်တော်သည်အရှိန်တန်ခိုးအားဖြင့် အလုပ်လုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် ကင်ဆာ၊ ဗွီ စသောရောဂါဝေဒနာရှင်များသက်သာပျောက်ကင်းခွင့်ရရှိခဲ့ကြသည်။ ထို့နောက်မျက်စိ ကန်းသူများပြန်လည်မြင်ရခြင်း၊ စကားမပြောနိုင်သူများပြန်၍ပြောနိုင်ခြင်း၊ နားပင်းသူများပြန်လည်ကြားရ ခြင်းအဖြစ်အပျက်များရှိခဲ့သည်။ သာသနာပလူအမြောက်အများခရစ်ယာန်ဘာသာထဲသို့ ဝင်ရောက်လာခဲ့ကြ သည်။ ဒေါက်တာဂျေ ဂျောက်လီ၏လက်ကိုင်ပုဝါကို ဆုတောင်း၍ကောင်းချီးပေးပြီးနောက် (တ ၁၉း၁၁-၁၂) ရောဂါဝေဒနာရှင်များထံသို့ပေးပို့ခဲ့ရာမှ အနာငြိမ်းခြင်းများရှိခဲ့သည်။ ထိုသို့ တန်ခိုးတော်သည် ပြည်တွင်းပြည်ပတွင် အနှံ့အပြားတွေ့ရသဖြင့် သမ္မာကျမ်းစာသည် ယုံကြည်လက်ခံလာနိုင်လောက်သောစာ အုပ်ဖြစ်သည်။ ထိုအမှုတော်မြတ်သည် နိုင်ငံပေါင်း (၁၇၀) တွင်ရှိသော ဂျီစီအင်တီဗွီ (တတတ. ါနညအ. သမါ) ရုပ်သံလွှင့်အစီအစဉ်မှ ထုတ်လွှင့်ပေးခဲ့ရာတွင် နိုင်ငံတကာအသိအမှတ်ပြုအဆင့်သို့ ရောက်ရှိလာသည်။ ဒေါက် တာဂျေဂျောက်လီရေးသားသည့်စာအုပ်များကိုလည်း ကမ္ဘာ့ဘာသာစကားမျိုးကွဲ (၅၇) မျိုးဖြင့် ပြန်ဆိုရေးသား ထုတ်ဝေလျှက်ကမ္ဘာ့ခရစ်ယာန်ဆရာဝန်များကွန်ယက်ချိန်ဆက်မှုအဖွဲ့မှလည်းဆေးဝါးကုသခဲ့ရသည်။ သေနေ သော ဝိညာဉ်အမြောက်အမြားပြန်၍ အသက်ရှင်လာသည်။ အသင်းဝင်သူများမှ (၃၁) နှစ်တာကာလအတွင်း မရပ်မနားဆုတောင်းလာခဲ့ကြသည်။ ဝိညာဉ်အသီးအပွင့်များပေါ်ထွက်လာသည့်အပြင် အလွန်လျှင်မြန်သော ဝိညာဉ်စီးဆင်းမှုနှုန်းဖြင့် စီးဆင်းကြလျက်ရှိသည်။ ဘုရား သခင်၏ထောက်ပံ့ရရှိသောကြောင့် နောက်ဆုံးကာလအတွက် ပြင်ဆင်မှုတစ်ရပ်အနေဖြင့် အသင်းဝင်သူ များမှ ခါနန်သန့်ရှင်းရာဌာနနှင့် ကြီးကျယ်ခမ်းနားသော သန့်ရှင်းရာဌာနကိုတည်ဆောက်နေလျက်ရှိသည်။

# ယေရှုသာလျှင် ကျွန်ုပ်တို့၏ကယ်တင်ရှင် အဘယ်ကြောင့်ဖြစ်သနည်း။

"ထိုသခင်၏ နာမတော်မှတပါး ငါတို့ကိုကယ်တတင်နိုင်သောနာမတစ်စုံတစ်ခုမျှကောင်းကင်အောက်လူတို့ တွင် မပေါ်မရှိ။" (တ ၄း၁၂)


သင်းအုပ်ဆရာကြီးဒေါက်တာဂျေရောက်လီ

## ၁။ လူတို့သည် အပြစ်၏အဖိုးအခကို ခံရသောသူ အားဖြင့်သေခြင်းနှင့်ရင်ဆိုင်ကြရသည်

ဘုရားသခင်သည် ပထမဆုံးလူလင်မယားဖြစ်သောအာဒံနှင့်ဧဝကိုဖန်ဆင်းသည့်နောက် ဤသို့မိန့်တော်မူ၏။ ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင် ကေန်အမှန်သေရလိမ့်မည်။ (ကမ္ဘာ ၂း၁၇) သို့ရာတွင်အာဒံနှင့်ဧဝတို့သည်မြွေဆိုး၏ဖြားယောင်းသွေးဆောင်မှုကြောင့်ကောင်းမကောင်းဝေဖန်နိုင်သည့် အသီးကိုစားခဲ့ကြသည်။ ထို့ကြောင့်လူတို့သည် အပြစ်ထဲသို့ကျဆင်းသွားခဲ့ရပြီး ထိုအပြစ်ကြောင့် သေခြင်း နှင့် ရင်ဆိုင်ခဲ့ကြရသည်။ ထိုနေ့မှစ၍ အပြစ်၏ အခကားသေခြင်းပေတည်းဆိုသော ကျိန်ခြင်းအမင်္ဂလာဝင် ရောက်လာသည်။

သေခြင်းအထဲတွင် ခန္ဓာသေခြင်းသာမက ဝိညာဉ်သေခြင်းလည်းပါဝင်သဖြင့် တစ်နည်းအားဖြင့် ငရဲ ကျခြင်းကို ခေါ်သည်။ ကျိန်ခြင်းအမင်္ဂလာသည် အာဒံ၌အဆုံးမသတ်ဘဲ အဆင့်ဆင့်လက်ဆင့်ကမ်းပေးခဲ့ သည်။ ဤအကြောင်းတရားဟူမူကား အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် သေခြင်းတရားဝင် သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏။ (ရော ၅း၁၂) အပြစ် ကျူးလွန်သော အာဒံမှဆင်းသက်လာသောသူမှန်သမျှ အပြစ်သားဖြစ်သဖြင့် သေခြင်း၌ အဆုံးသတ်ရကြ သည်။

ထိုသို့ဆိုလျှင် လူသည် အဘယ်သို့ကယ်တင်ခြင်းရရှိနိုင်မည်နည်း။ အပြစ်သား၏အပြစ်အတွက် အဖိုးအခကို ပေးချေသောသူရှိလျှင် ရနိုင်မည်။ သို့သောအပြစ်သားများကိုယ်စားအသေခံ၍ အပြစ်ကြွေးကို ဆပ်ပေးနိုင် သူမှန်သမျှသည် ကယ်တင်ရှင်ဖြစ်လိမ့်မည်ဟု မဆိုနိုင်ပါ။ (ထိုသခင်၏နာမတော်မှတပါး ငါတို့ ကို ကယ်တတင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ။ တ ၄း၁၂) ဤကျမ်းပိုဒ်အရ ယေရှုခရစ်တော်တစ်ပါးတည်းသာလျှင် ကယ်တင်ရှင်ဖြစ်ဖို့ထိုက်တန်သောသူဖြစ်သည်။ အဘယ်ကြောင့်ထိုသို့ထိုက်တန်သနည်း။

## ၂။ ကယ်တင်ရှင်၌ ရှိရမည့်အရည်အချင်း

### (၁) ကယ်တင်ရှင်သည် လူဖြစ်ရမည်။

"သို့ဖြစ်၍ လူအားဖြင့်သေခြင်းတရားသည် တည်သကဲ့သို့သေသောသူတို့၏ ရှင်ပြန်ထမြောက်ခြင်းတရားသည် လူအားဖြင့် တည်လျက်ရှိ၏။" (၁ကော ၁၅း၂၁) ပထမလူအာဒံအားဖြင့် အပြစ်သည်လောကသို့ဝင်လာပြီးမှ အပြစ်၏အခဖြစ်သောသေခြင်းတရားစတင်ဖြစ်ပွါးခဲ့သည်။ ထို့ကြောင့်အပြစ်၏ အဖိုးအခကို ပေးချေရမည့် သူရှိရမည်။ ကောင်းကင်တမန် (သို့) တိရစ္ဆာန်က သူတို့၏အပြစ်မှလူကိုရွေးနှုတ်ကယ်တင်နိုင်မည်မဟုတ်ပါ။ ယေရှုလက်ဝါးကပ်တိုင်ပေါ်ဝယ် အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့အားလုံးကို အပြစ်မှရွေးနှုတ်ခြင်းခံ ခဲ့ကြရသည်။ ယေရှုလောကသို့ကြွလာရခြင်း၏ရည်ရွယ်ချက်မှာလူသားမျိုးနွယ်တစ်ရပ်လုံးကို အပြစ်မှရွေး နှုတ်ဖို့ဖြစ်ပြီးထိုသို့တစ်ကြိမ်တစ်ခါရွေးနှုတ်ခြင်းသည်ထာဝရကာလအတွက်ဖြစ်သည်။ ယေရှုသည် လူဖြစ်လာ သောနှုတ်ကပတ်တော်ဖြစ်လျက် လူတို့နှင့်အတူနေထိုင်ခဲ့ကြောင်း ယော ၁း၁၄ တွင် တွေ့ရသည်။ သခင်ယေရှုသည်အသွေးအသားဖြင့်လောကသို့ကြွရောက်လာခဲ့ကြောင်းဖော်ပြသည့်သမိုင်းအထောက် အထားများရှိသည်။ ယနေ့ကျွန်ုပ်တို့အသုံးပြုနေသောပြက္ခဒိန်သည် ခရစ်တော်မွေးဖွားသည့်နေ့ကို အခြေခံ၍ပြုလုပ်ထားသည်။ ထို့ကြောင့်ကမ္ဘာ့သမိုင်းကို ဘီစီခေတ်နှင့်အေဒီခေတ်ဟူ၍ နှစ်ပိုင်းခွဲထားရာတွင် ဘီစီခေတ်ဆိုသည်မှာ ခရစ်တော်မမွေးဖွားမီကာလကိုဆိုလို၍ အေဒီခေတ်ဆိုသည်မှာ ခရစ်တော်မွေးဖွားသည့်နောက်ပိုင်းကာလကို ဆိုလိုသည်။ ထို့ကြောင့် ဘုရားသခင်၏ သားတော်ယေရှုခရစ်အသွေးအသားဖြင့် လောကသို့ကြွလာရသည့်အကြောင်းရင်းဖြစ်လျက်သူသည်ကယ်တင်ရှင်ဖြစ်ဖို့အရည်အချင်းပြည့်မီခြင်းဖြစ် သည်။

### (၂) ကယ်တင်ရှင်သည် အာဒံ၏အနွယ်ဝင်မဖြစ်နိုင်ပါ။

အာဒံမှဆင်းသက်လာသူမှန်သမျှမျိုးရိုးဗီဇအရအပြစ်ပါလာကြသဖြင့်အပြစ်သားဖြစ်ကြသည်။ သူတို့ သည် အပြစ်သားဖြစ်သောကြောင့် အခြားအပြစ်သားကို ကယ်တင်(ရွေးနှုတ်)၍မရပါ။ နားလည်လွယ်သော စကားအရ၊ အကြွေးအနည်းငယ်တင်သောသူကိုပင် ကူညီ၍မရနိုင်ပါဟုပြောရလိမ့်မည်။

သို့သော် ယေရှုသည်အာဒံ၏မျိုးဆက်မှဆင်းသက်လာခြင်းမဟုတ်ပါ။ ယေရှုသည်လူစင်စစ်ပင်ဖြစ်ငြားသော်လည်း မိန်းမမျိုးဥနှင့် ယောကျ်ားမျိုးဥပေါင်းစပ်၍ပေါက်ဖွားလာခြင်းမဟုတ်ပါ။ "ယေရှုခရစ်သည် ဖွားမြင်တော်မူခြင်းကိုခံတော်မူသောအကြောင်းအရာဟူမူကား မယ်တော်မာရိသည် ယောသပ်နှင့်ထိမ်းမြားဆောင်နှင်း၍ မယှက်တင်မီသန့်ရှင်းသော ဝိညာဉ်တော်ကြောင့်ပဋိသန္ဓေစွဲနေ၏။" (မ ၁း၁၈) ယေရှုသည် မာလို၏ဝမ်းဗိုက်ကို ခေတ္တငှားရမ်းလျက် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့် ကိုယ်ဝန်ဆောင်ခြင်းခံရ သည်။ ထို့ကြောင့်သခင် ယေရှုသည် တစ်ချိန်တည်းတွင် အာဒံ၏မျိုးဆက်နှင့်ဘုရား၏မျိုးဆက်အဖြစ် ပဋိသန္ဓေစွဲ၍မရပါ။

### (၃) ကယ်တင်ရှင်သည် ကယ်တင်ဖို့အစွမ်းသတ္တိရှိသောသူဖြစ်သည်။

ပထမအာဒံ၏မျိုးဆက်ကို စာတန်သည် သူ၏အုပ်ချုပ်မှုအာဏာအောက်တွင် ချထားသဖြင့် ထိုအပြစ်၏ တန်ခိုးအောက်မှရွေးနှုတ်ဖို့ ကယ်တင်ရှင်၏အစွမ်းသတ္တိလိုအပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ရန်သူ၏သိမ်းပိုက်ခြင်းခံရသော စစ်သုံ့ပန်းများကို ပြန်လည်ကယ်နှုတ်လိုလျှင်ရန်သူကို တိုက်ခိုက်အနိုင်ယူမည့် အင်အားလိုအပ်လိမ့်မည်။ ဘုရားသခင်ဖန်ဆင်းသောလောကတွင် သန့်ရှင်းသောဝိညာဉ်တော်သည် အပြစ်နှင့်ကင်းသောပုဂ္ဂိုလ်ဖြစ် သောကြောင့် တန်ခိုးနှင့်ပြည့်ဝသောသူဖြစ်သည်။

အပြစ်ကိုဗီဇအပြစ်နှင့် ကိုယ်တိုင်ကျူးလွန်သောအပြစ်ဟူ၍နှစ်မျိုးရှိသည်။ ဗီဇအပြစ်သည် မိဘနှစ်ပါးမှ ပေးသည့်အမွေကဲ့သို့ဆက်ခံရခြင်းဖြစ်သည်။ ကိုယ်တိုင်ကျူးလွန်သော အပြစ်ဆိုသည်မှာ မွေးဖွား သည့်ကာလမှစ၍လုပ်ခဲ့သောမကောင်းမှုများဖြစ်၍သခင်ယေရှုသည်ထိုသို့သောအပြစ်နှင့်ကင်းသောသူဖြစ် သည်။ ထို့အပြင်အာဒံ၏မျိုးဆက်မှပေါက်ဖွားလာသူမဖြစ်သောကြောင့်ဗီဇအပြစ်နှင့်လည်းကင်းသောသူဖြစ် သည်။ သူသည်လောကတွင် အသက်ရှင်ခဲ့စဉ်ကာလ ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ကျင့်ဆောင်သောကြောင့်အပြစ်ဒုစရိုက်နှင့် ကင်းလွတ်သောသူဖြစ်သည်။

ဟေဗြဲ ၇း၁၆ တွင် "ထိုသို့သော ယစ်ပူဇော်ပုရောဟိတ်မင်းသည် သန့်ရှင်းစင်ကြယ်၍ အညစ်အကြေးနှင့်ကင်းလွတ်လျက်အပြစ်ရှိသောသူတို့နှင့်မဆက်ဆံ၊ ကောင်းကင်သားအပေါင်းတို့ထက်မြင့်မြတ်သော သူဖြစ်၍ ငါတို့၏လိုအပ်မှုကို ဖြည့်ပေးတော်မူ၏"ဟုတွေ့ရသည်။ ထိုသခင်သည် ဒုစရိုက်ကိုမပြု။ နှုတ်တော်၌လည်းမုသားကိုရှာမတွေ့။" (၁ပေ ၂း၂၂) ဤကျမ်းပိုဒ်များ၏ရေးသားဖော်ပြချက်အရ၊ ကိုယ်တော်သည် အပြစ်နှင့်ကင်းစင်သော သူဖြစ်သောကြောင့် စာတန်နှင့်၎င်း၏အဖျက်လုပ်ငန်းများကို ဖြိုဖျက်သည့်နောက်လက်ဝါးကပ်တိုင်ပေါ်ဝယ် အသေခံပြီးမှ ရှင်ပြန်ထမြောက်ခဲ့သည်။

### (၄) ကယ်တင်ရှင်သည် မေတ္တာရှင်ဖြစ်ရမည်။

"ထို့ကြောင့် ဘုရားသခင်ရှေ့တော်၌ ပညတ်တရားအားဖြင့် အဘယ်သူမျှဖြောင့်မတ်ရာသို့မရောက်နိုင်ဟု ထင်ရှားလျက်ရှိ၏။ သစ်တိုင်၌ဆွဲထားခြင်းကို ခံရသောသူတိုင်းကျိန်ခြင်းကိုခံရသောသူဖြစ်သည်ဟု ကျမ်းစာလာသည်နှင့်အညီ ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံရသောသူဖြစ်၍ ငါတို့ကိုပညတ်တရား၏ကျိန်ခြင်းမှ ရွေးနှုတ်တော်မူပြီ။" (ဂလာ ၃း၁၃) လူတို့အားကျိန်ခြင်းအမင်္ဂလာထဲမှ ရွေးနှုတ်ဖို့ ဝိညာဉ်တော်လည်းဖြစ်သောသခင်ယေရှုသည် ပညတ်တရားအရလူသားများ ကိုယ်စားလက်ဝါးကပ်တိုင်ပေါ်ဝယ်ဆွဲထားခြင်းခံရလျက် ကျိန်ခြင်းအမင်္ဂလာကိုခံခဲ့သည်။ ဤအကြောင်းရာသည် သခင်ယေရှုသစ်တိုင်ပေါ်ဝယ် လူသားများအတွက် အသေခံရသည့်အကြောင်းရင်းဖြစ်သည်။

ထိုသို့ဆိုလျှင် အဘယ်ကြောင့်ကိုယ်တော်အသွေးတော်ကို သွန်းလောင်းခဲ့သနည်း။ ထိုသို့အသွေးတော်သွန်းလောင်းသောအခါ အပြစ်ဖြေလွှတ်ခွင့်ရရှိသည်။ သွေးသည်ခပ်သိမ်းသော ကိုယ်ခန္ဓာအသက်ရှင်ရာအကြောင်းဖြစ်၏။ (ဝတ် ၁၇း၁၄) "ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကို ကုန်မတက်သွေးအားဖြင့် စင်ကြယ်စေတတ်၏။ သွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ပေးခြင်းမရှိ။" (ဟေဗြဲ ၉း၂၂) သို့သော်မည်သည့်သွေးမဆိုသွန်းလျှင် အပြစ်လွှတ်ပေးမည်ဟု ပြော၍မရပါ။ ဗီဇအပြစ်၊ ဒုစရိုက်အပြစ်ကျူးလွန်ခြင်းမရှိသောသူ၏အသွေးဖြင့်သာလျှင် အပြစ်ဖြေလွှတ်ခွင့်ရရှိနိုင်သည်။ ယေရှု၏အသွေးသည် အပြစ်နှင့်ကင်းသဖြင့် ၎င်းအားဖြင့်သာလျှင် အပြစ်ဖြေလွှတ်ခွင့် အမှန်ရရှိလိမ့်မည်။"

ယေရှုသည် အစအဦးနှင့် ဘုရားသခင်နှင့်အတူရှိတော်မူ၏။ သူသည်ဖန်ဆင်းရှင်၊ သတ္တဝါအပေါင်းတို့၏အရှင်သခင်သည် အပြစ်သားများကိုယ်စား ကြောက်မက်ဖွယ်ရာအပြစ်ဒဏ်စီရင်ခြင်းခံရသည်။ သူ သည် အပြစ် သားများခံရမည့်အပြစ်ဒဏ်။ ဝေဒနာများကို ခံခဲ့ရသည်။ သူသည်လက်ဝါးကပ်တိုင်ပေါ်ဝယ် မိမိအသက်ကိုပင် အသေခံသည့်တိုင်အောင် အပြည့်အဝဆက်ကပ်လျက်မေတ္တာပြခဲ့သည်။

## ၃။ ယေရှုကို မိမိကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်သောအခါ ကယ်တင်ခြင်းရရှိလိမ့်မည်

"အပြစ်သ၏ အခကားသေခြင်းပေတည်း။"(ရော ၆း၂၃) စာတန်၏သတ်ဖြတ်ဖျက်ဆီးခြင်းခံရသော သူများကို အပြစ်နှင့်ကင်းစင်သောသခင်ယေရှုက ကယ်တင်ခဲ့သည်။ သေခြင်း၏တန်ဖိုးကိုသခင်ယေရှုကချိုးဖျက်ခဲ့ပြီးမှ ရှင်ပြန်ထမြောက်ခဲ့သည်၊ စာတန်သည် အပြစ်ကင်းသောယေရှုကို အသေသတ်ခဲ့သေကြောင့် ထိုလူသတ်မှု အတွက် အပြစ်ဒဏ်ကိုခံရမည်။ ထို့ကြောင့်ယေရှုကို မိမိကယ်တင်ပိုင်ရှင်အဖြစ် လက်ခံသောသူသည် သေခြင်းတန်ခိုးမှ လွတ်မြောက်ခွင့်ရရှိလိမ့်မည်။ ထို့ကြောင့်တစ်ယောက်သောသူ၏ ပြစ်မှားခြင်းအားဖြင့် လူ အပေါင်းတို့သည်အပြစ်စီရင်ခြင်းနှင့်တွေ့ကြုံရသည့်နည်းတူတစ်ယောက်သော သူ၏ ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့သည် အသက်နှင့်ယှဉ်သောဖြောင့်မတ်ရာသို့ရောက်ခြင်းအခွင့်ကိုရကြ၏။ (ရော ၅း၁၈) သေခြင်းတန်ခိုးကိုချိုးဖဲ့သော ယေရှုကိုမိမိကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်သောသူသည် အပြစ်ပြေလွှတ်ခွင့် ရရှိသဖြင့် ဘုရားသခင်၏သားသမီးဖြစ်လာမည်။ သူတို့၏အမည်နာမသည် ကောင်းကင်နိုင်ငံဆိုင်ရာမှတ် တမ်းစာအုပ်တွင် ရေးမှတ်ခြင်းခံရလိမ့်မည်။ ဤအခွင့်ကို လက်ဝါးကပ်တိုင်အားဖြင့် ပြင်ဆင်ထားပေးသည်။

"ဤကမ္ဘာမတည်မီ ငါတို့၏ဘုန်းအသရေဖြစ်စေခြင်းငှာ ဘုရားသခင်စီရင်တော်မူသောပညာ၊ နက်နဲသောအရာ၌ ဝှက်ထားသောဘုရားသခင်၏ပညာကို ငါတို့သည်ပြသကြ၏။" (၁ကော ၂း၇) ရန်သူနတ်ဆိုးနှင့်စာတန်က ယေရှုကိုအသေသတ်နိုင်မည်ဆိုလျှင် သူတို့၏အာဏာအစဉ်အမြဲတည်လိမ့်မည်ဟု ကြိုတင်တွက်ထားကြဟန်တူပါသည်။ သို့သော်ထွက်ပေါ်လာသောရလဒ်သည် သူတို့၏မူလအကြံအစည်နှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ သခင်ယေရှု၏အသေခံခြင်းက သူတို့၏ပျက်စီးခြင်းကိုဖြစ်စေခဲ့သည်။ ဤအရာအားဖြင့်ကယ်တယ်ခြင်းအတွက် ပြီးပြည့်စုံ သောပြင်ဆင်မှုကိုဖြစ်စေခဲ့သည်။

ဘုရားသခင်ကဤအစီအစဉ်ကို အချိန်မကျမီအကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပါ။ အချိန်ကျရောက်သောအခါ ယေရှုသည်လက်ဝါးကပ်တိုင်ပေါ်ဝယ် အသေခံခြင်းဖြင့် ကယ်တင်ခြင်းတံခါးကိုဖွင့်ပေးခဲ့သည်။ ရန်သူနတ်ဆိုးနှင့်စာတန်သည် ဤလျှို့ဝှက်ချက်ကို သိခဲ့သော်ယေရှုကိုအသေသတ်မည်မဟုတ်ပါ။ ဘုရားသခင်သည် ဤအစီအစဉ်ကိုရေးဆွဲကာအကောင်အထည်ဖော်ခဲ့သည့်လုပ်ဆောင်ချက်မှာ သူ၏အံ့သြဖွယ်ရာဉာဏ်တော်ပင်မ ဟုတ်ပေဘူးလား။

# “ကျွန်ုပ်သည်မန်းမင်းဗဟိုအသင်းတော်၌အကြီးမြတ်ဆုံး သောဝမ်းမြောက်မှုကို တွေ့ခဲ့ရပြီး။”

မန်းမင်းအသင်းတော်၏ (၃၁) နှစ်မြောက်နှစ်ပတ်လည်ပွဲအခန်းအနားသို့လာရောက်ပါဝင်သူများ ၏ သက်သေခံချက်များကို လေ့လာကြပါစို့။



## သိုးစုအပေါ် မည်သို့ချစ်ရမည်ကို ကျွန်ုပ်သင့်ယူခဲ့ရပါသည်

ရဆရာ၊
သီရိလင်္ကာနိုင်ငံရှိနိုင်ငံတကာသို့ အသင်းတော်၏ သင်းအုပ်ဆရာ

ကျွန်ုပ်သည် ဟိန္ဒူဘာသာမှ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလာသူတစ်ဦးဖြစ်သည်အားလျော်စ ၃၁ ရုပ်တုကိုးကွယ်သော သူတို့အား ဧဝံဂေလိတရား ဝေငှဖို့ စိတ်အားထက်သန်လျက်ရှိသည်။ ကျွန်ုပ်၏ မိတ်ဆွေ နိရှန်းကူရေး (သင်းအုပ်ဆရာ) မှ မန်းမင်းဗဟိုအသင်းတော်ကို မိတ်ဆက်ပေးခဲ့သည့်နောက် ဒေါက်တာ ဂျေရောက်လီက ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ဝိညာဉ်ရေးရာသမ္မာတရားကို ရှင်းပြပေးခဲ့သဖြင့် တန်ခိုး ပါသော ကျေးဇူးတော်ကို ရရှိခဲ့သည်။

ကျွန်ုပ်သည်မန်းမင်းဗဟိုအသင်းတော်သို့သွားရောက်လည်ပတ်ခဲ့သည့်တိုတောင်းသောကာလအတွင်း၌သိုးတော်စုကိုမည်သို့ချစ်လျက်အစေခံရမည်ကိုသဘောပေါက်ခဲ့သည်။ဒေါက်တာဂျေရောက်လီ၏ ဝိညာဉ်များအပေါ် မေတ္တာထားခြင်း၊ နှိမ့်ချခြင်းတို့ကို တွေ့သောအခါ ကျွန်ုပ်၏စိတ်သည် ပြင်းထန်စွာ လှုပ် ရှားခဲ့ကြောင်း တွေ့ရသည်။ သူသည်အသင်းသားတစ်ဦးချင်းကို မေတ္တာဖြင့် ဦးဆောင်ခဲ့သူဖြစ်သည်။ သူတို့ သည် သူ၏မေတ္တာကို ခံစားရသဖြင့် စိတ်ပါလက်ပါနှင့် နောက်တော်သို့ လိုက်ခဲ့ကြကြောင်း တွေ့ရသည်။

သန့်ရှင်းရာဌာန၏ စင်ကြယ်တောက်ပြောင်မှု အသင်းသူ/အသင်းသားများ၏ ဝိညာဉ်သစ္စာဖြင့် ဝတ်ပြုကိုးကွယ်ခြင်း၊ မရပ်မနားဆုတောင်းခြင်း၊ သန့်ရှင်းသောအကျင့်ကိုကြိုးစားလျှက် ကျင့်ကြံအား ထုတ်သောအမူအရာတို့ကြောင့် ကျွန်ုပ်၏စိတ်ဝင်စားမှုကို ပွားလာခဲ့ရသည်။ ပင်လယ်ဆားငန်ရေထွက်သော ရေငန်တွင်းမှ ရေသည် ဘုရားသခင်၏တန်ခိုးတော်ဖြင့်ရေချိုထွက်သောရေတွင်းရှိရာမွန် (သို့) မူအန်အရပ်သို့ ရောက်သောအခါ အလွန်တရာအံ့သြခဲ့ရပြီး ကြာရှည်စွာခံစားရသော ကျွန်ုပ်၏ဒူးနာရောဂါလည်း သက်သာ ပျောက်ကင်းခွင့်ရကြသည်။ ထိုဒူးနာရောဂါကြောင့် ကျွန်ုပ်သည် ဒူးမထောက်နိုင်ဘဲ ရှိရာမှယခုအခါအခက် အခဲမရှိတော့ဘဲ ဒူးထောက်နိုင်လာသည်။ ဟာလေလုယ



## ဖွင့်ပွဲအစီအစဉ်က ကျွန်ုပ်၏စိတ်ကို လှုပ်ရှားစေနိုင်ခဲ့သည်

ဒေါက်တာလုကာ တန်ချီဗာ ၊ ပါမောက္ခ ၊ ဇီဝဗေဒ အနုစိတ်တက္ကသိုလ်၊
ဘူလ်ဂေးရီးယန်းသိပ္ပံအကယ်ဒမီ

မန်းမင်းခရစ်ယာန်အသင်းသူ/သားများကို ကြည့်ပြီးမှကျွန်ုပ်အံ့သြခဲ့ရသည်။ သူတို့သည် သမ္မာကျမ်း စာအတိုင်း လက်တွေ့အသက်ရှင်သောကြောင့် ခိုင်ခံ့သော ယုံကြည်ချက်များကို တည်ဆောက်နိုင်ခဲ့ကြသည်။ ဤသို့သော အသက်ရှင်မှုများသည် ဒေါက်တာဂျေရောက်လီ၏ သမ္မာကျမ်းစာကို မှန်ကန်ဖြောင့်မတ်စွာ သွန် သင်ပေးနိုင်သည့် နေရာမှ ထွက်ပေါ်လာသည်ဟု ကျွန်ုပ်ယူဆသည်။

အသင်းသူ/သားများအနေဖြင့် ဒေါက်တာလီနှင့်ဝတ်ပြုစည်းဝေးတို့အပေါ် မေတ္တာဖြင့် ရှိသေလေး စားကြောင်း ဖော်ပြချက်ကို ကျွန်ုပ်စိတ်အဝင်စားဆုံးဖြစ်သည်။ ဒေါက်တာလီသည် လုပ်ငန်းအစီအစဉ် ကြောင့် မအားလပ်သည့်ကြားထဲမှ ကျွန်ုပ်အားကောင်းမွန်စွာ လက်ခံတွေ့ဆုံသည်သာမက ညွှေ့ခံကျွေးမွေးခဲ့ သဖြင့် သူ၏နှိမ့်ခြင်း စိတ်ကိုလည်း တွေ့ရှိခဲ့ရသည်။

အသင်းတော်၏နှစ်ပတ်လည်နေ့ ဖွင့်ပွဲအခမ်းအနားအစီအစဉ်မှ ပါဝင်လှုပ်ရှားမှုအသီးသီးကို ကြည့် ပြီး ကျွန်ုပ်၏စိတ်လှုပ်ရှားခဲ့ရသည်။ အလွန်ပင် လက်ရာပြောင်မြောက်သည့်ပါဝင်အစေခံခြင်းဖြစ်သည်။ သူ တို့၏ ဝိညာဉ်ရေးရာရင့်ကျက်မှုများကြောင့် ပရိသတ်၏စိတ်တွင် ဝိညာဉ်တော်၏ လှုပ်ရှားမှုများရှိခဲ့သည်။ လူငယ်မောင်မယ်များ၏ ပါဝင်အစေခံပြသခြင်းသည် ကျွန်ုပ်၏စိတ်ကို တို့ထိစေခဲ့သည်။ ထိုအစီအစဉ်ကို ဦးဆောင်သူများအနေဖြင့် လူ့ဉာဏ်တစ်ခုတည်းကို အမှီပြုခြင်းမဟုတ်ဘဲ ဘုရားသခင်ပေးထားသည့် ဉာဏ် ပညာအားဖြင့် လုပ်ဆောင်ခဲ့ ကြသဖြင့် ကိုယ်တော်၏ ကြီးမားလှစွာ မေတ္တာကို ခံစားခဲ့ရသည်။



## အသင်းသူ/သားများ၏ အသက်ရှင်နေထိုင်ပုံကြောင့် သန့်ရှင်းသောအသက်တာသည် မည်သည့်ပုံစံ ဖြစ်ကြောင်း သဘောပေါက်ခဲ့သည်

ဒေါက်တာ အနယ်လ်ဂဒ်ဓါရာမ်မာ ပီရက်၊ မက်ချီကန်၊ ခွဲစိတ်ဆရာဝန်

ကင်ညာနိုင်ငံ နိုင်ဂိုဘီမြို့တွင် ကျင်းပသော ကမ္ဘာ့ခရစ်ယာန်ဆရာဝန်များ ပူးပေါင်းဆောင်ရွက်မှု ကွန်ယက်မှ နိုင်ငံတကာခရစ်ယာန်ဆေးဖက်ဆိုင်ရာဟောပြောပွဲသို့ ကျွန်ုပ်တက်ရောက်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏အနာငြိမ်းခြင်းကြောင့်ကျွန်ုပ်စိတ်လှုပ်ရှားခဲ့ရသည်။ဒေါက်တာဂျေရောက်လီ၏တရားဟောချက်ကို အင်တာနက်မှတဆင့် ကြားခဲ့ရသဖြင့် ကျေးဇူးတော်ခံစားခဲ့ရသည်။ သန့်ရှင်းသောအသက်တာကို ကိုယ်တိုင်တွေ့ကြုံနိုင်ဖို့မန်းမင်းဗဟိုအသင်းတော်သို့သွားရောက်လေ့လာခွင့်ရရှိခဲ့သည်။အသင်းသူ/အသင်းသားများ၏ဝတ်ပြုခြင်းအစီအစဉ်ဆုတောင်းခြင်း၊ အစေခံခြင်း၊ စိတ်နေသဘောထား၊ ဆင်ခြင်တွေးတောသည့် စနစ်များကြောင့် သန့်ရှင်းသော အသက်တာကို မြည်းစမ်းခွင့်ရရှိခဲ့သည်။

(၃၁) ကြိမ်မြောက် အသင်းတော်၏နှစ်ပတ်လည်အခမ်းအနားအစီအစဉ်ကို ကြည့်ရှုနေစဉ် ကောင်း ကင်နိုင်ငံသို့ ရောက်ရှိသွားသကဲ့သို့ခံစားခရသည်။ ဆလိုက်မီးပေးသည့်ပုံစံ၊ အဝတ်အစားဆင်ယင်ပုံ၊ အတီး အမှုတ်များအားဖြင့် ကောင်းကင်နိုင်ငံ၏ သာယာလှပပုံကိုသာ၍ မျှော်လင့်ချက်ရှိစေသည်။ ရေငန်တွင်းမှ ရေချိုဖြစ်လာသော ဘုရားသခင်၏ တန်ခိုးတော်ကိုမူအန်နေရာတွင် တွေ့ခဲ့ရပြီး ထိုနေရာတွင် အတူတကွ နေထိုင်သွားလာနေကြသောငါးအုပ်များကို တွေ့ခြင်းအားဖြင့်ဘုရားသခင်ပါမည်ဆိုလျှင် မည်သည့်အရာမဆို အောင်မြင်နိုင်ကြောင်း သိခဲ့ရသည်။

ဒံယေလဆုတောင်းခြင်းအစီအစဉ်ကို ညတိုင်းကျင်းပလျှက် သောကြာနေ့ညတစ်ညတာ ဆုတောင်း ခြင်းအစီအစဉ်တို့ကို ကြည့်လျှက်ကျွန်ုပ်အံ့သြခဲ့ရသည်။ အသင်းသူ၊ အသင်းသားများထောင်နှင့်ချီပြီး တစ်ညတာလာရောက်ပါဝင်ကာ အလှူငွေများဆက်ကပ်ကြသဖြင့် ကျွန်ုပ်စိတ်လှုပ်ရှားခဲ့ရသည်။ ကျွန်ုပ်၏အ သင်းတော်တွင် အခမဲ့စေတနာဖြင့် ဆေးဝါးကုသပေးခဲ့သည်။ ယခု ကျွန်ုပ်သည် သန့်ရှင်းသော ဧဝံဂေလိတ ရားကို ပြည့်ဝသောယုံကြည်ခြင်း၊ မျှော်လင့်ခြင်းမေတ္တာတို့အားဖြင့် အသင်းသူ/သားများအပေါ် ဖြန့်ဝေပေး လျက်ရှိသည်။



## သန့်ရှင်းသော ဧဝံဂေလိတရားအားဖြင့် တောင်ပေါ်သားမျိုးနွယ်စုဖြစ်သော လားဟူလူမျိုးများကို ပြောင်းလဲ စေခဲ့သည်

သင်းအုပ်ဆရာ၊ နာနန်နီကွမ်ကာဆိုင်နီရန်မန်းမင်းအသင်းတော်၊ ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံရှိ ချိုင်းပရာကန်မန်းမင်းအသင်းတော်၏သင်းအုပ်ဆရာဝါရာဖုန်အားဖြင့် မန်းမင်းသာသနာလုပ်ငန်းအကြောင်းကို ကျွန်ုပ်စတင်လေ့လာခွင့်ရခဲ့သည်။ ဒေါက်တာဂျေရောက်လီရေးသားခဲ့သည့် -လက်ဝါးကပ်တိုင်၏ သတင်းစကား၊ ကောင်းကင်နိုင်ငံ (၁၊ ၂)၊ ငရဲ- စသည့်စာအုပ်များကို လားဟူဘာသာစကားသို့ ကျွန်ုပ်ရေးသားပြန်ဆိုခဲ့သည်။ ထိုစာအုပ်များမှသမ္မာကျမ်းစာ၏လျှို့ဝှက်ချက်များကို နားလည်လွယ်သော အသုံးအနှုန်းဖြင့် ရေးသားထားသဖြင့် ဘာသာပြန်လုပ်ငန်းကိုလုပ်ဆောင်နေစဉ် ကျွန်ုပ်၏စိတ်နှလုံး တို့ထိမှုခံ ခဲ့ရသည်။

ကျွန်ုပ်အနေဖြင့် မြန်မာနိုင်ငံ၊ လာအိုနိုင်ငံရှိ လားဟူလူမျိုးနွယ်စုအား ဤသန့်ရှင်းသော ဧဝံဂေလိတရားကိုသိစေလိုပါသည်။ လားဟူလူမျိုးများမှနယ်စပ်ကိုဖြတ်ကျော်ကာ လက်ဝါးကပ်တိုင်၏သတင်းစကား ဆိုသည့်ဘာသာပြန်စာအုပ်ကိုဖတ်ရှုလေ့လာနေကြကြောင်းတွေ့ရသည်။ သူတို့သည် ကျေးဇူးတော်အမြောက် အမြားခံစားကြရသည်။ ထို့ကြောင့် လားဟူလူမျိုးများအတွက် သန့်ရှင်းခြင်းဧဝံဂေလိတရားပွဲများ ကျွန်ုပ်ကျင်း ပပေးခဲ့သည်။

ကျွန်ုပ်အနေဖြင့် ညစဉ်ညတိုင်း ဆုတောင်းခြင်းအစီအစဉ်ကိုပြုလုပ်ကာ သန့်ရှင်းသော ဧဝံဂေလိတ ရားကို ဟောပြောခွင့်ရရှိခဲ့သည်။ သူတို့သည် ဝတ်ပြုစည်းဝေးသို့ပါဝင်ခြင်း၊ ကိုးကွယ်ချီးမွမ်းခြင်း၊ ဆုတောင်း ခြင်းတွင်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပြည့်ဝလာကြသည့်နောက်ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်ဖို့ ကြိုးစားလာကြသည်ကို တွေ့ရသည်။ သူတို့သည် ယခင်က ဖျားနာနေစဉ် ရိုးရာနတ်ဆရာ များထံသို့သွားရာမှယခုမသွားတော့သည်သာမကဆေးဝါးများပင် သုံးစွဲခြင်းမရှိကြတော့ပါ။ သူတို့သည် ယုံ ကြည်ခြင်းဖြင့် ကျန်းမာခွင့်ရရှိကြသည်။

တန်ဖိုးကြီးမားသော အသက်ရှင်ခြင်းသတင်းစကားဖြင့် စစ်မှန်သောယုံကြည်ခြင်းကို ရယူပိုင်ဆိုင်နိုင်ပြီဖြစ်သောကြောင့် ဒေါက်တာဂျေရောက်လီကိုကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏ဆန္ဒမှာ ဒေါက်တာဂျေရောက်လီ၏ စာအုပ်များကိုဘာသာပြန်၍ မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံများတွင် ရှိကြကုန်သောလားဟူလူမျိုးများထံသို့ ဖြန့်ဝေလို ပါသည်။

## ယခင်က ကျွန်ုပ်နားပင်းသော်လည်း ယခုနားကောင်းစွာ ပြန်လည်ကြားနိုင်ပါပြီ



ကို ဂိုဂူလ်ဆူဂျဲလ်၊
မန်းမင်းဗဟိုသာသနာပြုလုပ်ငန်း၊ နီပေါနိုင်ငံ

မကြာမီကာလအတွင်း နီပေါနိုင်ငံအလယ်ပိုင်း ရာမီချပ်ဒေသ၊ အိုခါဆွတ်မြို့တွင် ကျွန်ုပ်သည် ဟိန္ဒူဘာသာဝင်အောက်လမ်းဆရာတစ်ဦးဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ မတ်လတွင် ဘုရားသခင် ၏ တန်ခိုးတော်ကို ထူးခြားစွာ တွေ့ခဲ့ရပြီး ဘုရားသခင်ကို လက်ခံခဲ့သည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် နီပေါနိုင်ငံ၏ မြို့တော်ကတ်မန်ဒူသို့ သား၏မိသားစုကိုတွေ့လိုသဖြင့် ရောက်ရှိသွားသည်။ သူတို့သည်မန်းမင်းဗဟိုသာသနာပြုလုပ်ငန်းကို နီပေါနိုင်ငံအတွက် ခရစ်ယာန်အသက် တာအားဖြင့် ဦးဆောင်ကြလျက် ရှိသည်။

ကျွန်ုပ်ရှေ့က ဇနီးသည် ထိုနေရာသို့အရင်ရောက်ခဲ့သည်။ သူမသည်ခရစ်တော်ကို လက်ခံသည့်နောက် ကိုယ်တော်အား အချစ်မြတ်နိုးဆုံးပုဂ္ဂိုလ်နေရာတွင်ထားလျက် အခြားသူများကိုလည်း ဦး ဆောင်နေလျက်ရှိသည်။ သူမ၏အသင်းတော်ကို ဘုရားသခင်ဦးဆောင်လျက် နိမိတ်လက္ခဏာပြသည့်အ ကြောင်းဝါကြွားခဲ့ပြီး ကျွန်ုပ်အား နေ့စဉ်ဘုရားကျောင်းတက်ဖို့ ခေါ်ဆောင်သွားခဲ့သည်။ သာသနာပြုပုဂ္ဂိုလ် ဂရေ့စ်လီကလည်း မေတ္တာဖြင့် ဘုရား သခင်အကြောင်း ကျွန်ုပ်အား ဝေငှခဲ့သည်။

သာသနာမှ ထုတ်ဝေသည့်စာအုပ်စာပေများတွင် မျက်စိကန်းသူများပြန်၍ မြင်လာခြင်း၊ နားပင်းသူများပြန်ကြားရခြင်း၊ ခြေမသန်မစွမ်းသူများ ပြန်၍ကောင်းစွာလမ်းလျှောက်ခြင်း အကြောင်းအရာများ ဖတ်ပြီးမှ ကျွန်ုပ်ယုံကြည်ခြင်းရရှိလာသည်။ မိသားစုနှင့်အသင်းတော်၏နွေးထွေးသောမေတ္တာက ကျွန်ုပ်စိတ်နှ လုံးတံခါးကို ပွင့်စေခဲ့သည်။

တမန်တော်တို့၏ ယုံကြည်ချက်၊ ဘုရားသခင်၏ ပဋ္ဌနာတော်ကို ကျွန်ုပ် အစဉ်ရွတ်ဆိုလေ့ရှိသည်။ ဒေါက်တာဂျေရောက်လီဟောပြောသည့်အသက်၏မျိုးစေ့ဆိုသည့်သတင်းစကား ကျွန်ုပ်မကြာခဏ နား ထောင်ရသဖြင့် စိတ်လှုပ်ရှားခဲ့သည်။ ထိုစဉ် အံ့သြဖွယ်ရာအမှုကို ကျွန်ုပ်တွေ့ကြုံခဲ့ရသည်။ ကျွန်ုပ်သည် အချိန်ကြာမြင့်စွာ နားလေးလာခဲ့သူတစ်ဦးဖြစ်သည်။ သို့သော် မထင်မှတ်ဘဲ အကောင်းပကတိကဲ့သို့ နားပြန်လည် ကြားနိုင်ခဲ့သည်။

ကျွန်ုပ်၏အသက်မှာ (၇၃) နှစ်ရှိပြီဖြစ်သော်လည်း အောက်လမ်းဆရာဘဝမှ ဘုရားသခင် ၏သားအဖြစ် ပြန်မွေးဖွားခွင့်ရရှိခဲ့သည်။ ကျွန်ုပ်အလွန်ပင် ကောင်းကြီးခံစားခဲ့ရသည်။ ဘုရားသခင်တစ် ဆူတည်းသာ စစ်မှန်သောဘုရားဖြစ်လျက် ယေရှုခရစ်တော်သည် တစ်ပါးတည်းသော ကယ်တင်ရှင်ဘုရား ဖြစ်သည်။ ဟာလေလုယ

---

## ကျွန်မ၏ဖခင်ကို မြွေဟောက်က ကိုက်ခဲ့သော်လည်း လျှင်မြန်စွာ ပျောက်ကင်းသက်သာခဲ့သည်



မ စုထာတိတ်လဟန်၊
ချင်ရိုင်းမန်းမင်းအသင်းတော်၊ ထိုင်းနိုင်ငံ

အသိမိတ်ဆွေ မိန်းမတစ်ဦး၏ဖိတ်ခေါ်မှုဖြင့် ချင်ရိုင်းမန်းမင်းအသင်းတော်သို့ ၂၀၁၁ ခု၊ ဧပြီလ မှ စတင်လျက် ကျွန်မတက်ရောက်ခဲ့သည်။ ကျွန်မသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သဖြင့် ယေရှုကို သာမန်လူ အဖြစ် မှတ်ယူခဲ့သည်။ တနင်္ဂနွေဝတ်ပြုခြင်းအစီအစဉ်၌ ဒေါက်တာဂျေရောက်လီက လက်ဝါးကပ်တိုင် သတင်းစကားဟူသောခေါင်းစဉ်ဖြင့် အကြောင်းပြချက်လေးချက်ဖြင့် လူသားအတွက် ယေရှုတစ်ပါးတည်းသာ ကယ်တင်ရှင်ဖြစ်ကြောင်း ဟောပြောခဲ့သည်။ ထိုနေရာတွင် သခင်ဘုရားကို ကျွန်မလက်ခံခဲ့ပြီး ကျေးဇူးတော် ခံစားခဲ့သည်။

မကြာမီက ဘုရားသခင်၏အံ့သြဖွယ်ရာအမှုကို တွေ့ကြုံခံစားရသည်။ ကျွန်မ၏ဖခင်သည် ဘန် ကောက်မြို့၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနအတွက် အနှစ် (၂၀) တာဝန်ထမ်းဆောင်ခဲ့သည်။ လွန်ခဲ့သော ၂၀၁၃ ခု၊ ဩဂုတ်လတွင် ခါတ်ခွဲစမ်းသပ်နေစဉ် တစ်မီတာထက်သာ၍ ရှည်သောမြွေဟောက် တစ်ကောင်က သူ၏လက်ခလယ်ကို ပေါက်ခဲ့သည်။ သူ၏အခြေအနေသည် စိုးရိမ်ဖွယ်ရာအထိ ပြင်းထန်လာ ခဲ့သည်။

မြွေပေါက်ထားသည့်ဒဏ်ရာသည် အရိုးထိတိုင် ဝင်သွားခဲ့သည်။ သူ၏ အရေပြားအသားများထဲသို့ မြွေဆိပ်တမုဟုတ်ချင်း ပျံ့နှံ့ခဲ့ပြီဖြစ်သည်။ သူပြန်လည်အသက်ရှင်နိုင်သည့်အခွင့်အရေး ၅၀ % သာရှိ ကြောင်း ဆေးရုံမှပြောခဲ့သည်။ သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည့်နေရာမှ စိတ်နှလုံးတံခါးကို ဖွင့်လျက် ချင်ရိုင်းမန်းမင်းဘုရားကျောင်းသို့ ကျေးဇူးတော်ခံစားဖို့ ၂၀၁၂ ခုနှစ်တွင်သွားခဲ့သည်။ ထိုစဉ် ဧဝံဂေ လိသတင်းစကားကို ကျွန်မဝေငှခဲ့သည့် အတိုင်းလက်ခံခဲ့သည်။ ထိုသို့ဖြစ်နေစဉ် ချင်ရိုင်းမန်းမင်းအသင်းတော်၏သာသနာပြုဆရာဂျေရောက်လီသည် ဘန်ကောက် သို့ ရောက်ရှိလာသည်။ ကျွန်မ၏ဖခင်အား အင်တာနက်မှထုတ်ဝေသည့် မန်းမင်းသတင်းလွှာကို ဖခင်အား ကြိုတင်ဖတ်ရှုလေ့လာစေပြီး သာသနာပြုဆရာရောက်ရှိလာလျှင် ယုံကြည်ချက်အပြည့်အဝဖြင့် ဆုတောင်း ခံရန် ပြောခဲ့သည်။ သာသနာပြုဆရာလီသည် ဆေးရုံသို့သွား၍ ယေရှုခရစ်အကြောင်း ဟောပြောသက်သေ ခံခဲ့သည်။ ထိုအချိန်၌ပင် ကျွန်မ၏ဖခင်သည် ယေရှုကို သူ၏ကယ်တင်ရှင်အဖြစ် လက်ခံခဲ့သည်။ ဒေါက်တာ ဂျေရောက်လီကောင်းကြီးပေးထားသောလက်ကိုင်ပုဝါ (တ ၁၉း ၁၁-၁၂) ကို အသုံးပြုလျက် သာသနာပြု ဆရာလီက ကျွန်မ၏ ဖခင်အတွက် ဆုတောင်းပေးခဲ့သည်။

ကျွန်မ၏ဖခင်ခံရသောကြောင့် မြွေဆိပ်သင့်ခြင်းသည် အသားထဲသို့ စိမ့်ဝင်သဖြင့် ပြန်လည်သက် သာစေရန် လနှင့်ချီ၍ဆေးကုသမှုခံရပေလိမ့်မည်။ သို့သော်၊ သာသနာပြုဆရာဆုတောင်းပေးပြီးသည့်နောက် ချက်ချင်းဆိုသလို သက်သာသွားခဲ့သဖြင့် ခွဲစိတ်မှုခံရပြီး နှစ်ရက်ပြည့်သည့်နောက် ဆေးရုံမှဆင်းခွင့်ရခဲ့သည်။ သူသည် သူ၏ရုပ်တု ဆင်းတုများကို စွန့်ပစ်ပြီး ဒေါက်တာဂျေရောက်လီ၏လက်ဝါးကပ်တိုင်သတင်းစကားကို နားထောင်ရင်း သူ၏ယုံ ကြည်ခြင်းတိုးပွားစေရန် အားထုတ်လျက်ရှိသည်။ ဟာလေလုယာ

---

ပြည်ပမှလာသောပေးစာတစ်စောင်



ပါစတာယူရီကာမီကော့၊
အစ္စရေးနိုင်ငံ၊ ဟိုင်ဖာမြို့ရှိသက်စမ်းရေအသင်းတော်

## ကျွန်ုပ်၏ညီအစ်ကိုသည် သေမင်း၏နှုတ်ခမ်းဝကို ဖြတ်လျှောက်ပြီး မှပြန်လည်အသက်ရှင်လာသည်

ကျွန်ုပ်၏ညီအကိုပါဗယ်၏နှလုံးသည် မွေးရာပါ အားနည်းသောနှလုံးဖြစ်သည်။ လွန်ခဲ့သော (၅) နှစ်၊ ၂၀၀၈ ခုနှစ်တွင် နှလုံးရောဂါပြင်းထန်စွာခံစားခဲ့သည်။ ထို့ကြောင့် နှလုံးတွင် တွေ့ရသောအကြိတ်ကို ဖယ်ရှားရန် အလွန်ခက်ခဲသောခွဲစိတ်မှုကို ၂၀၁၃ ခု၊ ဩဂုတ်လတွင် ခံယူခဲ့ရသည်။ ခွဲစိတ်မှုဒဏ်ရာကြောင့် နံရိုးသည် အနာမကျက်နိုင်သောကြောင့် သံမဏိချောင်းအစားထိုးထည့်ရန် ထပ်မံခွဲစိတ်ခဲ့ရပြန်သည်။ သို့သော် ထိုဒဏ်ရာသည် ပကတိအတိုင်း မဖြစ်နိုင်သဖြင့် သာ၍ ဆိုးဝါးသော အနေအထားဖြစ်လာသည်။

သူ၏ရောဂါ အခြေအနေဆိုးဝါးမှုကြောင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအလယ်တွင် ဆေးရုံတက်ရပြန်သည်။ သူ့ကို အီးစီဂျီဓါတ်မှန်ရိုက်ကြည့်သောအခါ အလွန်ဆိုးဝါးသည့်အဆင့်သို့ ရောက်ပြီ ဟု သိရသည်။ သူ၏နှလုံးသည် ရောင်ကိုင်းလာပြီး သွေးနှင့်ရေကို အဝင်အထွက်ပြုလုပ်ပေးရန် ကောင်းစွာ ထိန်းညှိပေး နိုင်ခြင်းမရှိတော့ပါ။ ထို့ကြောင့် အသက်ရှူရာတွင် အခက်အခဲဖြစ်သည့်အပြင် ဦးနှောက်ကို လည်း အောက်စီဂျင်ဓါတ်လုံလောက်စွာ မပေးနိုင်သောကြောင့် ဖူးထဲမှလေကို အဓိကအသုံးပြု၍ အသက် ရှင်ခဲ့ရသည်။ သူသည် မေ့ဆေးပေးခြင်းခံရပြီး အထူးကြပ်မတ်ဆောင်တွင် ကုသမှုခံယူခဲ့ရသည်။ ထို့ကြောင့် သူသည် သေခြင်းနှင့်အသက်ရှင်ခြင်းနှစ်မျိုး၏ လွန်ဆွဲပွဲပြုလုပ်ခြင်းခံခဲ့ရသည်။ သူ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် ဘုရားသခင်က အသစ်သောအ သက်ရှင်ခြင်းပြန်လည်ပေးအပ်ခဲ့သည်။ ထိုအချိန်သည် ဒေါက်တာဂျေရောက်လီ၏ ၂၀၀၉ ခုနှစ် ဣသရေ လစုပေါင်းတရားပွဲ အထိမ်းအမှတ်ကျင်းပချိန်ဖြစ်သဖြင့် ပါစတာစုဂျင်က ဦးဆောင်နေသည့်အချိန် ဖြစ်သည်။ သူမတရားဒေသနာဝေငှပြီးမှ ရောဂါသည်များအတွက် ဆုတောင်းခဲ့သည်။ ထိုစဉ် ကျွန်ုပ်ဆုတောင်းခံဖို့သွား ခဲ့သည်။ ဒေါက်တာဂျေရောက်လီ ကောင်းကြီးပေးထားသော လက်ကိုင်ပုဝါ (တ ၁၉း ၁၁-၁၂) ကို ဗိုက်ပေါ်တင်၍ ဆရာမက ဆုတောင်းပေးခဲ့သည်။

ထိုအချိန်တွင် လူနာသည် ကီလိုမီတာထောင်ချီပြီး ဝေးလံသောရုရှားနိုင်ငံရှိဆေးရုံတစ်ခုတွင် ဆေး ဝါးကုသမှုခံရသောကာလဖြစ်သည်။ သူမ၏ ဆုတောင်းသည့်နောက် ရှေ့ဆင့်နောက်ဆင့် ကျွန်ုပ်ညီအစ်ကို အတွက် ထူးခြားမှုဖြစ်လာသည်။ သူသည် အံ့သြဖွယ်ရာနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ ယခင်ကနှင့် မတူတော့ဘဲ ကောင်းမွန်စွာ အိပ်ရာမှနိုးထလာပြီး အချိန်အတော်ကြာ အစားအစာမစားနိုင်သည့်နေရာမှ စတင်စားသောက်လာနိုင်သည်။

ထို့နောက် ဆရာဝန်များ၏စမ်းသပ်စစ်ဆေးမှုကို အကြိမ်ကြိမ်ခံယူသည့်နောက် သူ၏နှလုံးသည် ပုံမှန် အနေအထားသို့ ပြန်ရောက်လာပြီဆိုသည့်အတည်ပြုချက်ကိုရရှိခဲ့သည်။ ဆရာဝန်များကိုယ်တိုင်လည်း နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။ ဘုရားသခင်သည် သူ၏လူများဖြင့် ယနေ့တိုင်အောင် နိမိတ်လက္ခဏာ ကို ပြလျက်ရှိသည်။ ဟာလေလုယ



ဗိုလ်ကြီးပါဗယ်လ်နှင့်မိသားစု

Burmese
မန်းမင်းသတင်းလွှာ
မန်းမင်းဗဟိုအသင်းတော်မှ ထုတ်ဝေသည်။
လိပ်စာ - ၂၉၊ ဒီဂျီတယ်-ရို ၂၆-ကဲယ်၊ ကူရို-ကူ၊ ဆိုးလ်၊ ကိုးရီးယား၊ ၁၅၂-၈၄၈
ဖုန်း - ၈၂-၂-၈၁၈-၇၀၄၇
ဖက် (စ်) - ၈၂-၂-၈၁၈-၇၀၄၈
အီးမေးလ် - manminministry@manmin.org
ထုတ်ဝေသူ - ဒေါက်တာဂျေရောက်လီ
အယ်ဒီတာချုပ် - သင်းထောက်မကြီး ဂူဆမ်ဗင်း